တစ်နေ့ နှုတ်ကပတ်တော် စာစောင် တစ်ခုကို ဖတ်လိုက်တဲ့အခါ သုတ္တံ ၁၉း၁၁ ကိုဖတ်မိတယ်။ အဲဒီမှာ ဒီလို ဆိုထားတယ်။ သမ္မာသတိ ရှိသောသူသည် မိမိ အမျက် ဒေါသကို ချုပ်တည်းတတ်၏။ သူတစ်ပါး ပြစ်မှား ခြင်းကို သည်းခံသော သူသည် ဘုန်းသရေရှိ၏။ ရောမ၁၂း၁၇ အဘယ်သူကိုမှ ရန်တုံ့ မမူကြနှင့်။ လူ အပေါင်းတို့ ရှေ့မှာ သင့်တင့် လျောက်ပတ်သော အကျင့်ကို ကြံစည် ကြလော့။ တဲ့။ ဒီ နှုတ်ကပတ် သမ္မာကျမ်းစာ က ကျွန်မကို သွန်သင်ခြင်း ဖြစ်ပါ တယ်။ အဆိုးကို အဆိုး အားဖြင့် မတုံ့ပြန်ဖို့ ကျမ်းစကားကို သတိရ သွားပြီး တစ်ခုခု မပြောခင်၊ မလုပ်ခင် အရင် စဉ်းစားပါ။ ယာကုပ်၁း၁၉ ရန်စ ခံရတဲ့အခါ အဆိုးကို အဆိုးနဲ့ မတုံ့ပြန်ပါနဲ့။ သုတ္တံ၂၆း၂၀ ဒေါသ ထွက်လာပြီဆိုရင် ရှောင်ထွက်သွားပါ။ သုတ္တံ ၁၇း၁၄ တောင်းပန်ဖို့ အသင့်ရှိပါ။ မ၅း၂၃-၂၄ အကြွင်းမဲ့ ခွင့်လွှတ်ပါ။ ဖေက်၄း၃၂ သင်နှင့် ကျွန်မ အခုထက် ပိုပျော်ရွှင်ပြီး အေးချမ်းချင်သလား။ တစ်ယောက် ကို တစ်ယောက် အပြစ် မပြောဘဲ ဆက်လက် ခင်မင်နေတဲ့ မိတ်ဆွေမျိုး ရှိချင်ပါသလား။ နားလည်တတ်တဲ့ စိတ်ကို မွေးမြူချင်သလား။



ရှိချင်တယ်ဆိုရင် ကျွန်မနဲ့ သင် သမ္မာကျမ်းစာထဲမှာပါတဲ့ လမ်းညွှန်ချက် တွေအတိုင်း ကျင့်သုံး ရမှာ ဖြစ်ပါတယ်။ ဆရာ တစ်ယောက် ပြောတာ ကြားဖူးပါတယ်။ စကားပြောရာမှာ သူ့ နေရာနဲ့ သူ အဆင် ပြေအောင် စကားကို ဖန်တီးပြီး ပြောတတ်ရမယ် ၊ အံဝင် ဂွင်ကျ ဖြစ်အောင် ဖန်တီးပြီး ပြောတတ်ရမယ်။ ဘုရားသခင်သည် မိမိတို့ကို ဖန်တီး နိုင်တဲ့ စွမ်းရည် ဉာဏ်ပညာ ပေးထားပါတယ်။ (သင်သည် ရှေးဦးစွာသော ချစ်ခြင်း မေတ္တာ လျော့ပြီးဟု သင်၌ အပြစ် တင်စရာ ရှိ၏။ ဗျာ၂း၄) ဘုရားရှင် မိမိ အား သတိပေး နှိုးဆော်ကာ အသက်တာကို ပြန်လည် ပြင်ဆင်ခြင်း ခံရတာကို ပြန်လည် ဝေမျှခြင်း ဖြစ်ပါတယ်။

တစ်နေ့သော နံနက်မှာ သားလေးကို ကျောင်းသွားကြိုဖို့ အသွားမှာ ကျွန်မနှင့် သက်တူ ရွယ်တူ မဟုတ်ရင်တောင် အလွန်ဆုံး ကျွန်မထက် ၃နှစ် ၄နှစ် ကြီးမယ်လို့ ထင်ရတဲ့ မျက်မမြင် သားအမိနှစ်ဦးကို အမှတ်မထင် တွေ့လိုက်ပါတယ်။ နွားချီး ခြောက် အထုပ်များစွာကို မိခင်ဖြစ်သူက ထမ်းရင်း ဈေးဂယ်မည့် သူကို ချွေးတွေ စိုရွှဲတဲ့ မျက်နှာနဲ့ အော်ခေါ်နေကြပါတယ်။ ကျွန်မ သမီး အရွယ် ၈နှစ် သမီးလေး က ငှက်ကလေးတွေ စားဖို့ စပါးနှံကို ပုခုံးမှာ ထမ်းရင်း အမေနှင့် အပြိုင် ဈေးဂယ်မည့် သူကို အော်ခေါ် နေပါတယ်။ ကျောင်းဆင်းချိန် နီးပြီမို့ စက်ဘီးကို အမြန် နင်းရင်း သူတို့ကို ကျမ ကျော်သွားမိခဲ့တယ်။ ကျောင်းဝင်းထဲကို အမြန်ဝင်ပြီး ကလေးကို ကြိုပြီး ထွက်လာတဲ့အချိန်ထိ သူတို့သားအမိ ကျွန်မနဲ့ မလှမ်းမကမ်းမှာပဲ ရှိနေပါသေးတယ်။ ကျွန်မ သတိထား မိလိုက်တာကတော့ သားအမိ နှစ်ယောက် စလုံးမှာ ဖိနပ် မရှိဘူး။ ကျွန်မ စိတ်ထဲ သူတို့ကို ကူညီချင်တဲ့စိတ် အရမ်း ဖြစ်မိတယ်။ ဘယ်လို ကူညီရင် ကောင်းမလဲလို့ စဉ်းစားတယ်။ ကျွန်မက မိမိ စီးထားတဲ့ ဖိနပ်ကို ချွတ်ပေး ချင်တယ် (ကျွန်မက စက်ဘီးစီးလာတာဆိုတော့ ) သို့ပင်မဲ့ ကျွန်မ ခြေဖဝါးမှာ အရိုးကျည်းပေါင်း တက်နေလို့ ခြေထောက် ယောင်ပြီး နာနေတာကြောင့် သူတို့ ရောင်းတဲ့ နွားချီးခြောက် ထုပ်ကိုပဲ ဂယ်ခဲ့ရတယ်။ (အိမ်က အပင်လေးတွေလည်း မြေသြဇာ လိုနေတာကြောင့်) ကျွန်မ ဂယ် လိုက်တဲ့ ငွေက သူတို့ သားအမိ မနက်စာ ဂယ်စားလောက်တဲ့ ငွေပမာဏ လောက်ဖြစ်လို့ကျေနပ် မိခဲ့တယ်။

စက်ဘီး စီးလာရင်း ၃မိနစ် လောက်မှာ ကျွန်မ စက်ဘီးရဲ့ စက်ဘီး ခြေနင်း စကူလေး ပြုတ်ထွက် သွားပြီး ဆက်နင်းလို့ မရတော့ဘူး။ ကလေးငယ်နဲ့ ခြေထောက် က နာနေတာမို့ ကျွန်မ ဘာလုပ်ရမှန်း မသိတဲ့ အချိန်မှာ အမျိုးသမီး တစ် ယောက်က "ဘာဖြစ်လို့လဲ ညီမ" လို့ မေးပြီး စက်ဘီး ခြေနင်းခုံ ပြုတ်ထွက်နေတာ တွေ့ တော့ "စကူး ပြုတ်သွား တာလား" ဆိုပြီး ကျွန်မနဲ့ မလှမ်းမကမ်းမှာ လိုက်ရှာ ပေးတယ်။ သူက သေးငယ်တဲ့ စကူလေး တွေ့ အောင်ရှာပေးပြီးတော့ ပြန်တပ်လိုက်။ စက်ဘီး ဆိုင်မှာ သေချာ သွား ပြင်လိုက်နော်လို့ ပြောပြီး ထွက်သွားတယ်။ ကျွန်မ လည်း ကျေးဇူးတင် စကား ပြောပြီး စက်ဘီးပြင် ဆိုင်ကို စက်ဘီး တွန်းသွား လိုက်တယ်။ စက်ဘီး ပြင်ဆိုင် ရောက်တော့ စက်ဘီးပြင် ဆရာက ကျွန်ကို သေချာ တပ်ပေး ပြီး ငွေ မယူဘူး။ ကျွန်မ ကျေးဇူးတင် စကား ပြောပြီး နှုတ်ဆက်ပြီး ပြန်ထွက် လာခဲ့တယ်။ ကျွန်မက သူများ ကို ကူညီချင်တဲ့ စိတ် ဆန္ဒလေး ရှိယုံနဲ့တင် ဘုရား သခင် အသိ အမှတ်ပြုတယ်။ ကျွန်မက တစ်ခါပဲ အကူညီ ပေးရတယ်။ ကျွန်မကို ကူညီ ပေးမဲ့ သူများကို အဖဘုရားက ပြင်ဆင် ပေးတာ ကို ခံစားရပါ တယ်။(သု ၂၁း၁၃) မှာ ဆင်းရဲသူ၏ အော်ဟစ်သံကို မကြားလို၍ နားကို ပိတ်သော သူသည် ကိုယ်တိုင် အော်ဟစ်သောအခါ အဘယ်သူမျှ မကြားရ။ လို့ သုတ္တံ ဆရာမှ တဆင့် အဖ ဘုရား၏ သွန်သင်ခြင်းကို ကျွန်မ သတိရ လိုက်ပါတယ်။ လက်ရှိ အချိန်မှာ (ဇူလိုင်လ ဩဂုတ်လ ၂၀၁၅ ခုနှစ်) ကျွန်မတို့ နိုင်ငံမှာ ရေဘေး ဒုက္ခ တွေ့ ကြုံ နေရ ချိန် ဖြစ်နေတာကို ကျွန်မတို့ အားလုံး သိကြပါတယ်။ ရေဘေးဒုက္ခ တွေ့ကြုံ နေ ရသော သူများကို ပြည်တွင်း ပြည်ပမှ ကိုယ်ချင်း စာနာစိတ်ဖြင့် အဖွဲ့အစည်း အသီး သီး သော်လည်းကောင်း လူတစ်ဦးချင်းစီသော်လည်းကောင်း ကူညီ ကြတာ တွေ့ရတဲ့ အခါ ကောင်းကင်ဘုံက အဖဘုရားက ကျွန်မတို့ မြန်မာလူမျိုးများကို ချစ် သော အဖဘုရား ဖြစ်တာကို တွေ့ရပါတယ်။ ဒုက္ခ အခက်အခဲ ကြားမှာ အဖဘုရားရဲ့ ချစ် မေတ္တာကို မြည်းစမ်း စေတာ တွေ့ရပါတယ်။ ကျွန်မတို့ ယုံကြည်သူများလည်း အငယ်ဆုံးသော ဆင်းရဲသူများအား ခရစ်တော်၏ ချစ်မေတ္တာကို ခံစားရစေဖို့ မေတ္တာ ထားကာ ဆက်လက် လက်တွဲ ဖေးမ ကူညီပါစို့။ *သူတစ်ပါးကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကိုခံရ လိမ့်မည်။* (သု၁၁း၂၅)။

(တောနင်းပန်း)

# စိတ်ဓါတ်မကျဘုရားကိုသာအားကိုးပါ-၁

စိတ်ဓာတ်မကျ ဘုရားကိုသာ အားကိုးပါ(၁) ညောညော (ရန်ကုန်မြောက်ပိုင်း )

ကျွန်မ ခံစားရတဲ့ ကောင်းချီးမင်္ဂလာတွေကို ငယ်စဉ် ဘဝ ကနေ စပြီး ဖော်ပြရရင် ကျွန်တော်တို့ရဲ့ မိသားစုဘဝက အရမ်းဘဲ သူများတွေ မခေါ် မပြောချင် လောက်၊ အထင်သေး လောက်အောင် ဆင်းရဲတဲ့ ဘဝပါ။ ဆင်းရဲ ပေမဲ့ ကျွန်တော်တို့ မိသားစုဟာ ရိုးအ ကြတဲ့ မိသားစု။ သူများ ဘာပြောပြော သီးခံခြင်းတရားနဲ့ ဘာမှ ပြန် မပြောဖို့ ရိုးရိုး အေးအေးသာ နေဖို့ အတွက် မိဘများက ဆုံးမ သွန်သင် ထားကြ ပါတယ်။ ဒီလို အကျင့် တွေကြောင့် ကျွန်တော်ရဲ့ ဘဝမှာ ဖျက်လို့ မရတဲ့ အမည်းစက်ကြီးက ထင်ကျန် နေခဲ့ပါတယ်။



ဒီ အရာတွေကြောင့် ကျွန်တော်ရဲ့ ရည်မှန်းချက်ဟာ ပျက်ပျယ် သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘုရားရှင်ဟာ ကျွန်တော့်ကို ပစ် မထားဘဲ ခွန်အားတွေ ပေးတယ်။ ဘဝမှာ အသစ်တဖန် ပြန်စဖို့ ကြံ့ကြံ့ခံ နိုင်တဲ့ ဘဝကို ပိုပြီး ပေးသနား ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ရဲ့ စိတ်မှာ အခုထက်ထိ ယောက်ျား မြင်ရင် ဒူးတုန်ပြီး ကြောက်တတ်တဲ့ စိတ်ဒဏ်ရာတွေက ကျန်နေသေးတယ်။ ကျွန်တော်ရဲ့ ညီအစ်ကို မောင် နှမများက ပညာတတ်များ ဖြစ်ချင်ကြပါတယ်။ ဒါပေမဲ့ လမ်းခုလတ်မှာ ဘဲ ပညာရေး တပိုင်းတစ်စတွေ ဖြစ်သွားခဲ့ရပါတယ်။ ဒါကလည်း လောကအနေနဲ့ ငွေကြေး မတတ်နိုင်လို့ပါ။ ဒါပေမဲ့ ကျွန်တော်တို့ မိဘများက မိဘ ဝတ္တရားများ ကျေပွန် ခဲ့ပါတယ်။ ဘယ်လောက်ထိ ဆင်းရဲပြသနာနဲ့ ကြုံရတဲ့ဘဝမှာ ဘုရားရှင်ဟာ ကာ ကွယ် စောင့်ရှောက် မှုတွေကြောင့် ယခုလို အသင့်အတင့် နေထိုင်လာခဲ့ရပါတယ်။

ကျွန်တော် တို့ မိသားစု ဘဝ ဘယ်လောက် ရိုးအ ဆင်းရဲလဲ ဆိုရင် ငယ်စဉ် ဘဝ က တည်း က လမ်းဘေးမှာ ပလပ်စတစ် ကောက်ခဲ့ရတယ်။ ရေခဲ ရေ ရေခဲချောင်း ကို မောင် နှမတွေ လက်ချင်း ချိတ်ပြီး လမ်းတကာ လည်ရောင်းခဲ့ရတယ်။ အစ်မ တွေက ခေါင်း ပေါ် ဖရဲသီးပန်း ရွက်ပြီး ဈေးရောင်း ရှာဖွေခဲ့တဲ့ ဘဝပါ။ မိဘများ ကလည်း ကျွန်တော်တို့ကို ပညာတတ်များ ဖြစ်စေချင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော် တို့ဟာ ရည်မှန်း ထားတဲ့အတိုင်း ဖြစ်မလာကြပါဘူး။ မိဘများက စိတ်ဓာတ် မကျဖို့ ဘုရား ကိုသာ အစဉ် မပြတ် ဆုတောင်းပြီး တောင်းလျှောက်ဖို့ ဒီတစ်ခု မဖြစ်ရင် နောက် တစ်ခု ဖြစ်လာ မယ်လို့ အားပေးပါတယ်။ ဒါပေမဲ့ ပညာရေးပိုင်းမှာ ဘွဲ့မရ ကြပေမဲ့ မောင်နှမ များ ကတော့ တခြားသော ပညာရေးပိုင်းမှာ တစ်ယောက်တစ်မျိုး တတ် မြောက် ကြပါ တယ်။ ဘုရား၏ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့ မိသားစုဟာ သူများ တွေလို စားနိုင် သောက်နိုင်လာပြီး ကိုယ်တွေကဲ့သို့ ရင်ဆိုင်ရသော သူများ ကိုလဲ တတ်နိုင် သလောက် ကူညီခွင့် ရတဲ့အတွက် ဘုရားရှင်၏ ကြီးမားတဲ့ မေတ္တာ ကြောင့်လို ကျွန်တော် ခံယူမိပါတယ်။ ။

ညောညော (ရန်ကုန်မြောက်ပိုင်း )



သခင့်စကား ပိဋကဦးရေ:ရာ စာစောင်၊ အမှတ်စဉ် ၁၇၃ ဇန်နဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ၈၅၃၀ ထုတ်ဝေသည်။

# သက်သေခံချက်

## သက်သေခံချက် (ချစ် - သံတောင်ကြီး)



ရှေဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျမ သက်သေခံဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ဒါပေမဲ့ ရင်ထဲမှာ အရမ်း မွန်းကျပ်နေလို့ ဒီစာလေးကို ချရေး ဖြစ်ခဲ့ ပါတယ်။ ဒါနဲ့ဆို ကျမ သခင့်စကားမှာ သက်သေခံတာ ၂ ကြိမ် ရှိသွားပါပြီ။ ကျမက ဘုရားသခင်ရဲ့ ကောင်းကြီး မင်္ဂလာကို မရေတွက်နိုင်အောင် ခံစားရသူ တစ်ယောက်ပါ။ ဒါပေမဲ့ ဘုရား ကောင်းကြီးကို ကျမ အလွဲ သုံးစား လုပ်မိခဲ့တယ်။ ဘုရား သခင်က ကျမ အပေါ်မှာ ချစ်ခြင်းမေတ္တာတွေ အပြည့်အဝ ပေးခဲ့ ပါတယ်။ သို့သော် ဘုရားရဲ့ ချစ်ခြင်းမေတ္တာကို ကျမ တန်ဖိုး မထားခဲ့ဘူး။ အသိအမှတ်လဲ မပြုခဲ့ပါဘူး။ ဖြစ်သလို အသက်ရှင်ခဲ့မိပါတယ်။ ပေါ့ပေါ့တန်တန် နေထိုင်မိခဲ့တယ်။ ဒါတင် မကပါဘူး။ လူတွေရဲ့ ချစ်ခြင်းမေတ္တာကိုလဲ ရှာဖွေမိခဲ့ပါတယ်။ အဲဒီ ချစ်ခြင်း ထဲမှာ သာယာနေမိပြီး ယစ်မူး ရူးသွပ် ပျော်ရွှင်နေမိခဲ့ပါတယ်။ အဲဒီလို ရူးသွပ်နေတဲ့ အချိန်မှာ ဘုရားနဲ့ ဆန့်ကျင်ဘက် အလုပ်တွေကို စတင် လုပ်ကိုင်မိခဲ့တော့တာပါဘဲ။ ဘုရား မကြိုက်မှန်း မလုပ်သင့်မှန်း သိတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို မထိန်းချုပ် နိုင်ခဲ့မိဘူး။

ဘုရား မကြိုက်တဲ့ အရာတွေကို ကျမ လွန်ကျူးမိခဲ့ပါတယ်။ အဲဒီလို လုပ်လိုက်လို့ ပျော်သလား ဆိုတော့လဲ မပျော်ပါဘူး။ မပျော်လို့ မလုပ်ဘဲ နေမယ်လို့ စဉ်းစား မိပေမဲ့လဲ မထိန်းနိုင်ဘဲ ဆက်လုပ်နေမိခဲ့ပါတယ်။ အချိန်တန်တော့ ကျူးလွန်မိတဲ့ အမှားတွေကို ပြန်ခံစားရပါတော့တယ်။ အဲဒီ အချိန်မှာတော့ အလဲလဲ အပြိုပြို ကြေကွဲ ခံစားရပါတော့တယ်။ ညတိုင်း မျက်ရည်နဲ့ အိပ်စက်ခဲ့ရတယ်။ အဲဒီလို ဖြစ်နေတဲ့ အချိန်၊ အနားမှာ ဘယ်သူမှ မရှိဘူး။ ရင်ဖွင့်ချင်တယ်။ နားထောင် ပေးမဲ့သူ မရှိဘူး။ အားပေး နှစ်သိမ့်မဲ့သူ ကင်းမဲ့တဲ့ အခြေအနေကို ရောက်တော့မှဘဲ ဘုရား ကို တမ်းတ မိခဲ့ပါတယ်။ အဲဒီ အချိန်မှာ ရလိုက်တာက နောင်တ ဆိုတဲ့ စကားလုံး လှလှလေး ပါဘဲ။ ဖြစ်သလို နေထိုင်ခဲ့တဲ့ ကျမဟာ အခုမှ ဘုရား တ ရတဲ့ ဘဝကို ရောက်ခဲ့ ရပါတယ်။ လူတွေ မသိဘဲ ဘုရား သာ သိတဲ့ အပြစ်တွေ အများကြီး ကျူးလွန် မိခဲ့ပါတယ်။ မကောင်းတဲ့ အရာတွေထဲမှာ သာယာ ပျော်ရွှင်နေတဲ့ ကျမက ဘယ်လောက်ဘဲ ဆိုးသွမ်းနေပါစေ၊ ချောက်ထဲ ပြုတ်ကျရတဲ့ အထိတော့ ဘုရားက ခွင့်မပြု ခဲ့ပါဘူး။ အချိန်မီ ပြန်လာခဲ့ဖို့ လက်ကမ်းကြိုခဲ့ပါတယ်။ သင့် အပြစ်ထက် ယေရှု အချစ်က ပိုကြီးတယ် ဆိုတဲ့ စကားအတိုင်းဘဲ၊ ကျမ ဘယ်လောက် မိုက်မိုက် ဘုရားက ချစ်နေတယ် ဆိုတာ ကျမ လက်တွေ့ သိခဲ့ရပါတယ်။ ဒယော ဒ၏ ကျမ်းချက်လေး အတိုင်းဘဲ နောင်တနဲ့ ဘုရားရဲ့ ရင်ခွင်ထဲ ပြန်လည် ခိုလှုံ လာနိုင် ခဲ့ပါတယ်။ ပုလောင်လွန်းတဲ့ လူတွေရဲ့ ချစ်ခြင်း မေတ္တာတွေထဲမှာ ပျော်ရွှင် ကြည်နူး ရူးသွပ် နေတဲ့ ကျမလို လူစားမျိုးကို အတု မယူကြပါနဲ့လို့ ချစ်သော စာဖတ် ပရိတ်သတ် များကို ခွန်အားပေး ချင်ပါတယ်။ ။ ချစ် (သံတောင်ကြီး)

# ဘဏ္ဍာနှင့်ပါဂါ – ၁၄

## ဘဏ္ဍာနှင့်ပါဂါ - ၁၄ (မင်းအောင်သက်လွင်)



ရေးစရာ အကြောင်းအရာ မရှိ၍ ဘဏ္ဍာနှင့်ပါဂါ ဆောင်းပါး ခေါင်းစဉ် ပျောက်နေသည်မှာ ကာလ အတန် ကြာ ခဲ့ပါပြီ။ သို့သော် လွန်ခဲ့သော နိုဝင်ဘာလ ၂၁ ရက် ၂၀၁၅ ခုနှစ် နေ့ထုတ် စင်ကာပူနိုင်ငံမှ TODAY သတင်းစာ ရှေ့ မျက်နှာဖုံးတွင် Hot News ဟူသော ခေါင်းစဉ် ဖြင့် ငွေ အလွဲ သုံးစား ပြုလုပ်သူ တရားခံ ခြောက်ဦးအား ဓါတ်ပုံနှင့် တကွ ခေါင်းစီး သတင်း အဖြစ် တင်ပြထားသည်ကို တွေ့ လိုက် ရသော အခါတွင် ဤသတင်း ဆောင်းပါးကို ရေးသား လိုစိတ် ဖြစ်ပေါ် လာသောကြောင့် ရေးသား လိုက်ရခြင်း ဖြစ်ပါသည်။ ထိုသတင်းတွင် စင်ကာပူ ဒေါ်လာငွေ ၅၄ သန်း အား အလွဲ သုံးစား ပြုလုပ်ခဲ့သည့်အတွက် စင်ကာပူ နိုင်ငံသား ခြောက်ဦးအား တရားဥပဒေ အရ အရေးယူခဲ့သည့် အကြောင်း အထူး သတင်း အဖြစ် ရေးသား တင်ပြထားပါ သည်။ တရားစွဲခံရကာ ထောင်ဒဏ် ချမှတ်ခံရသူ ခြောက်ဦး သည် သာမန် ရိုးရိုးလူ၊ ကုန်သည်ပွဲစား၊ ကုမ္ပဏီဂန်ထမ်း။ လူဆိုးလူမိုက်များ မဟုတ် ဘဲ။ စင်ကာပူနိုင်ငံ၏ အကြီးကျယ်ဆုံး၊ လူသိ အများဆုံး၊ ပေါ်ပြူလာ အဖြစ်ဆုံး၊ နာမည် အကြီးဆုံး၊ လူဦးရေ အများဆုံး။ ခရစ်ယာန် အသင်းတော် တစ်ပါး ဖြစ်သည့် စီးတီး ဟားဗက် [City Harvest Church (CHC)] မှ တည်ထောင်သူ သင်းအုပ်ဆရာကြီး ခေါင်းဟီး။ လက်ထောက် သင်းအုပ်၊ ဘဏ္ဍာရေးမှူးနှင့် အသင်းတော် စီမံခန့်ခွဲရေး ခေါင်းဆောင် ၇ ဦးကို အသင်းမှ နုတ်ပယ် လိုက်ပြီး ခြောက်ဦးကို ထောင်ဒဏ် အသီးသီး ချမှတ် လိုက်ကြောင်း သတင်း စာ၌ ဖော်ပြ ထားရှိပါသည်။ ထိုငွေ (စင်ကာပူဒေါ်လာ ၂၄သန်း) သည် အများ ပြည်သူ များမှ လှူဒါန်းထားသော ငွေများ ဖြစ်ပြီး ထိုငွေများကို အသင်းတော် တည်ထောင်သူ ခေါင်းဆောင် သင်းအုပ်ဆရာ ခေါင်ဟီး ၏ ဇနီးဖြစ်သူ သင်းအုပ်ဆရာမ အမည်ခံ ကွာယာ ခေါင်းဆောင် မစ္စ ဟိုယူစန် ၏ တေးစီးရီး သီချင်းခွေ ထုတ်လုပ်ဖြန့်ချိရာတွင် အလွဲ သုံးစား ပြုကာ သုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ကြောင်းလဲ ဖော်ပြပေါ်ရှိပါသည်။

စီးတီး ဟားဗက်ချပ် သည် ၂၀၀၀ ခုနှစ် ဝန်းကျင် ကတည်းက ပေါ်ပေါက် ခဲ့သော ခရစ်ယာန် ဘာသာရေးအဖွဲ့ ဖြစ်ပြီး ခေါင်းဆောင် သင်းအုပ်ဆရာ ခေါင်ဟီးနှင့် ဇနီးဖြစ်သူ ဟိုယူစန် တို့က စတင် တည်ထောင်ခဲ့ကြကာ စင်ကာပူနိုင်ငံသား လူငယ် လူရွယ်များသာမက နိုင်ငံခြားသားများကပါ စိတ်ပါဝင်စားစွာ လာရောက် တရားနာ သော ဘာသာရေးအဖွဲ့ တစ်ခု ဖြစ်ပါသည်။ စည်းစံနစ် ကျနစွာ တည်ထောင် ထား သော ထိုအသင်းတော်သည် အချိန်တိုတိုအတွင်း အသင်းဝင်လူ များများ၊ ရံပုံငွေ အလှူတော်ငွေ များများ ရရှိခဲ့ကာ နောက်ဆုံးတွင် ရရှိသော အလှူငွေများကို သင်းအုပ် ဆရာ၊ သင်းအုပ်ကတော်နှင့် အုပ်ချုပ်ရေးအဖွဲ့မှ အလွဲ သုံးစား ပြုလုပ် ခဲ့သော ကြောင့် ၂၀၁၀ခုနှစ်တွင် တရားစွဲဆို ခံရကာ ယခု ၂၀၁၅ ခုနှစ်တွင်မှ ထောင်ဒဏ် ချမှတ်ခံရခြင်း ဖြစ်ပါသည်။ ဤအမှုသည် ၂၀၁၀ ခုနှစ်မှ စတင်ခဲ့ကာ ယခု ၂၀၁၅ ခုနှစ်တွင်မှ စီရင်ချက် ချနိုင်ခဲ့သောကြောင့် နှစ်အကြာဆုံး စုံစမ်း စစ်ဆေး တရားစွဲသော အမှုများထဲမှ တစ်မှု အဖြစ် မှတ်တမ်းတင်၍ ရနိုင်ပါသည်။ ခေါင်းဆောင် သင်းအုပ်က ထောင်ဒဏ် ၈နှစ် ကျခံရပြီး အခြားနောက်လိုက်များမှာ ၆နှစ် ၅ နှစ် ၃နှစ် ခွဲ နှင့် ၂၁လ အသီးသီး အပြစ်ပေး ခံခဲ့ရပါသည်။ ထို ဘာသာရေး ခေါင်းဆောင် ခေါင်ဟီး သည် မိမိ အသင်းတော် ရံပုံငွေ တိုးတက်ရန် ဆုလွယ် နပ်လွယ်သော အသိဉာဏ် အကြွယ်သေးသည့် လူငယ်လူရွယ်များအား သိမ်းသွင်းစည်းရုံးနိုင်ခဲ့ပြီး ရရှိသော အလှူငွေများကိုလဲ မည်သူ့မျက်နှာမှ မထောက်ဘဲ အလွဲသုံးစား ပြုလုပ်ခဲ့ သောကြောင့် ဘာသာရေး ခေါင်းဆောင်များအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများ ပျက်ပြား လာခဲ့ရပါသည်။

စင်ကာပူ သည် ငွေ ရှာရ အလွန် လွယ်ကူသော နိုင်ငံ ဖြစ်သလို၊ ငွေကို ဖြုန်းတီး သုံးစွဲရန်လဲ အလွန်လွယ်ကူသော နိုင်ငံလဲ ဖြစ်ပါသည်။ မိမိ အရည်အချင်းနှင့် ကိုက်ညီ သင့်လျော်သော အလုပ် လစာကို အလွယ်တကူ ရနိုင်သလို မိမိ ငွေကို ပြန်လည် ရယူရန် အခြား အခြားသော သူများကလဲ အသင့် စောင့်ဆိုင်းနေကြပါသည်။ မိမိ နှစ်သက်သော ဂါသနာ၊ အကြိုက်၊ စွဲလန်းမှု၊ ကိုးကွယ်ယုံကြည်မှု များက မိမိ ငွေကို သောက်သောက်လဲ ပြန်လည် ကုန်ခမ်း ဆုံးရှုံး သွားစေ နိုင်ပါသည်။



စင်ကာပူတွင် အလွယ်တကူ ဝယ်ယူ ရရှိ နိုင်သော ဖျော်ဖြေရေး တန်ဆာ ပလာ များ။ ဇိမ်ခံ ပစ္စည်းများ။ အဝတ် အထည်၊ အစားအစာများသာမက လောင်းကစား၊ အရက် သေစာ၊ လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်သော ပစ္စည်းများ အားလုံး က လွယ် လွယ်လေးနှင့် ငွေကို ပြန်လည် ကုန်ခမ်း သွားစေ နိုင်ပါသည်။ ထို အထဲတွင် ဘာသာ ရေး ဆိုင်ရာ အဖွဲ့ အစည်းများ ကလဲ သင့်ငွေကို တနည်းတဖုံ ကုန်ခမ်း သွားစေ နိုင်ရန် စည်းရုံးလှုံ့ဆော် တရားဟောကာ အလှူခံ ကြပြန်ပါသည်။ စင်ကာပူ နိုင်ငံသည် နိုင်ငံ တကာနှင့် အဆက်အသွယ်ရှိသောကြောင့် အပြည်ပြည်ဆိုင်ရာ နယ်လှည့် ဘာသာ ရေး သမားများ။ ဘာသာရေးဖြင့် အသက်မွေး ဝမ်းကျောင်း ပြုနေသူများလဲ အလွယ် တကူ ဝင်ထွက်ကျက်စားရာ မျက်စိကျရာ နေရာတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် စင်ကာပူ နိုင်ငံ နေရာအနှံ့အပြားတွင် ဘာသာရေး ဂတ်ကျောင်းများ၊ ဘုရား ရှိခိုး ကျောင်းများ၊ မိတ်သဟာယ အဖွဲ့များသည် မည်သည့် သာသနာ လက်အောက်မှ မခံဘဲ မိမိ သဘောနှင့် မိမိ တရားမဝင်၊ မှတ်ပုံ မတင်ဘဲ ခိုးကြောင်ခိုးဝှက် အလျှိုလျှို ပေါ် ပေါက်လျက် ရှိနေ ပါသည်။



သခင့်စကား မိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၃ ဇန္နဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချီရန် ကနဦး၁၀ ထုတ်ဝေသည်။

ယခု မျက်မှောက်တွင်လဲ စီးတီးဟားဗက်ချပ် ကဲ့သို့သော အသင်းတော်၊ မိတ်သဟာယ၊ ဘာသာရေး အဖွဲ့အစည်းများ မျောက်မြားစွာ ပေါ်ပေါက်နေပြီး အတွေ့အကြုံ နည်းပါးသော လူငယ်လူရွယ် အများအပြားသည်လဲ ထိုဘာသာရေး အဖွဲ့အစည်းများ အောက်တွင် မှိုင်းမိ နေကြပါသည်။ သိမ်းသွင်း ခံနေရပါသည်။ ထို့ကြောင့် မေတ္တာဖြင့် သတိပေးလိုသည်မှာ မိမိတို့ ချွေးနည်းစာဖြင့် ရှာဖွေထားသော ငွေများကို အလွဲသုံးစား လုပ်လိုသည့် ဘာသာရေးသမားများ လက်ထဲတွင် အလွယ်တကူ မဆုံးရှုံး



သွားစေရန် အလို့ငှာ အရာရာတွင် သတိနှင့် ဆင်ခြင်ကာ ဘာသာရေး လုပ်စား သူများ ၏ လှည့်ကွက်ထဲ မကျရောက်မိစေရန် ရေးသား တင်ပြလိုက်ရပါသည်။

မိမိတို့ လှူသော အလှူငွေများသည် ဘာသာ ရေး လုပ်စားသူများ လက်တွင်း မကျရောက် စေရန် အဆိပ်ပင် ရေ မလောင်း မိစေရန် ဘုရားထံမှ လာသော အသိ ဉာဏ်ဖြင့် ခွဲခြမ်း စိတ်ဖြာနိုင်ကြပါစေ။ ။

(မင်းအောင်သက်လွင်)

(လူတိုင်း ကိုယ်အလိုအလျောက် လှူရ၏။ နှမြောသော စိတ်နှင့် မလှူရ။ မလှူဘဲ မနေ ရဟု စိတ်ထင်နှင့် မလှူရ။ စေတနာ စိတ်နှင့် လှူသော သူကိုသာ ဘုရားသခင် နှစ်သက် တော်မူ၏။) (ငွေကို တပ်မက်ခြင်းသည် မတရားသော အမှု အပေါင်းတို့တွင် မူလအမြစ် ဖြစ်သတည်း။)

---

# ကြိုးကလေး

**ကြိုးကလေး** *(ခံစားမှုရသဝတ္ထုတို)* *နွယ်ဇော်မွန်(ပြည်)*



"ဟေ့ ကိုခိုင်ဦး ဘာတွေများ ဒီလောက် တွေးနေ တာလဲဗျာ" ကပ်လျက် တစ်ဖက်ခြံမှ ကိုရဲအောင် က ခါးစောင်း သာသာ ရှိသော ခြံစည်းရိုးပုလေးကို ကျော်ပြီး လှမ်းအော် ပြော သံကြောင့် အိမ်ရှေ့ သရက်ပင် အောက် ပက်လက် ကုလားထိုင်ပေါ်တွင် အတိတ် ကို စဉ်းစား နေမိသော "ခိုင်ဦး" ၏ အတွေးစများ ပျောက်လွင့်သွား၏။ တစ်ဆက်တည်း မှာပင် "ဘာရယ် မှတော့ မဟုတ်ပါဘူးဗျာ ဒီလိုပါဘဲ" လို့ဖြေလျှက်မှ လှဲနေသော ကိုယ်ကို ပြန်မတ်လိုက်သည်။

ကိုရဲအောင်က ကျွန်တော့ အဖြေကို သဘော မတွေ့ ခပ်လှဲ့လှဲ့ ပြုံးရင်းမှ "ခင်ဗျား မိန်းမ ယူမလို့ တွေးနေတာ မဟုတ်လား" ဟု နောက်ပြောင်၏။ လက်ကို ကာပြီး မတ်မတ် ထရပ်ပြီး ခေါင်းကို ခါယမ်းပြလျက်မှ ပုဆိုးကို ပြင်ဝတ်ကာ လေးတွဲ့သော ခြေလှမ်းများဖြင့် အိမ်လေးဆီသို့ လျှောက်ပြီး လှမ်းဝင် လိုက်သည်။ ဧည့်ခန်းဝ ရောက်သည့်တိုင် မည်သူမျှ မရှိ။ ခြောက်သွေ့သွေ့ အိမ်လေးကို အသက်မဲ့စွာ ဝေ့ကြည့်ပြီးမှ နံရံဖြူဖြူပေါ်တွင် ချိတ်ဆွဲထားသော မိသားစု ဓာတ်ပုံလေးထံ အကြည့်တို့က ရောက်ရပြန်သည်။ မကြည့်ဘဲလည်း မနေနိုင်ပါ ကြည့်မိ ပြန်ရင်လည်း နလုံးသား တစ်နေရာမှ လွမ်းဆွတ်နာကျင်ဖွယ် ဝေဒနာကို ခံစား ရပြန်ပါသည်။ အသင်းတော်တွင် ငယ်စဉ် ကလေး ဘဝကတည်းက ရင်းနှီးခဲ့ရသော နောင်တွင် ချစ်ခဲ့ရပါသော "အေး"သည်၊ သားနှင့် ကျွန်တော့ကို ထားရစ်ခဲ့ပြီး ဘုရား သခင်၏ သုခငြိမ်းချမ်းရာ နေရာတစ်ခုသို့ အရင်ဦးဆုံး ထွက်ခွာသွားနှင့်ခဲ့သည်ကို ချစ်ရသော "အေး" မရှိတော့သည့်နောက် ကျွန်တော့် ဘဝ၏ တစ်ဦးတည်းသော ဖက်တွယ် စရာ သားလေး "လုလု" သည် ဘုရားရှင် ပေးသနားထား သော အတွယ်တာ ရဆုံး သံယောဇဉ် ကြိုးကလေးပါ။ ထိုကြိုးလေးသည်လည်း အချိန် မတိုင်မီ စောစီးစွာ ထပ်မံ ပြတ်တောက် ခဲ့သောအခါ ကျွန်တော့် ရင်မှာ မွမွကျေမျှ ခံစား ခဲ့ရပါသည်။

ဆောင်း၏ သင်္ကေတ ဖြစ်သော ဒီဇင်ဘာလနှင့် ခရစ်စမတ် ညလေး များသည် ရာသီ စက်ဝန်းတွင် တစ်ကြော့ပြန် ရောက်ရှိလာပြန်ပြီး ဖြစ်သည်။ တိတိကျကျ ပြောရမည် ဆိုလျှင် ဒီဇင်ဘာလ (၂၄ရက်)နေ့ ညများ၊ သားနှင့် ပတ်သက် ပြီး အမှတ်ရစရာ များစွာရှိနေသော်လည်း ဒီနေ့လေးသည် သားလေး စောင့်မျှော်တတ်သော နေ့၊ ထိုနေ့ ညတွင် အသင်းတော်၌ ကလေးငယ်များ ပြဇာတ် ကသော နေ့၊ ခရစ်စမတ် သီချင်းများ သီဆို က ရသောနေ့၊ ဆုတွေယူသောနေ့၊ မုန့်တွေ စားရသောနေ့ ဖြစ်ပါသည်။ ကျွန်တော်သည် "အေး" မရှိတော့သည့် နောက်ပိုင်း နေ့များတွင် သောက အမောများနှင့် ရှင်သန်နေရသော်လည်း၊ ထိုနေ့တွင်တော့ သားလေးတို့ ဆိုသည်၊ ကသည်များ ကြည့်လိုက် သူ လာလာ ပေးသော ဆုများ မုန့်များ သိမ်းထားပေးလိုက်နှင့် လူကြားထဲတွင် အလုပ်ရှုပ်ခံ ဘုရားကျောင်းမှ အိမ်အပြန် လမ်းတစ်လျှောက် သားကလည်း သူငယ်တော် ယေရှု အကြောင်း သူ သိထား သမျှ ပြောလျက် မကုန် ခရစ်စမတ် သီချင်းလေးများ မပီကလာ ပီကလာဖြင့် ဆိုလျက်မဝနိုင်။ အိမ်သို့ ပြန်ရောက်ပြီး အိပ်ယာသို့ ရောက်သည့်တိုင် သားအဖ နှစ်ဦး တစ်ယောက်ကို တစ်ယောက် "တရွှတ်ရွှတ်"နမ်းရင်း ပြောလိုက် ရယ်လိုက်ကြသည်မှာ ဘယ် အချိန် အိပ်ပျော်သွားမှန်းပင် မသိခဲ့ရသော ကုန်လွန်ခဲ့သည့် နှစ်များနှင့် ခရစ်စမတ် ဆောင်းညများ။

သားလေး "လုလု" ကို ကျွန်တော် သိပ်ချစ်သလို၊ ငယ်ရွယ် စဉ်မှာပင် ကွယ်လွန် ခဲ့ရှာသော သားရဲ့ မေမေ "အေး" သည်လည်း သားကို သိပ်ချစ်ခဲ့ ပါသည်။ ကျွန်တော်တို့ နှစ်ယောက် သားလေး "လုလု" ကို အနီးထုပ်လေးဖြင့် လုပြီး ချီ ခဲ့ရသောကြောင့် သားကို အမည်ပေးသောအခါ ချစ်စနိုးဖြင့် လုလု ဟုပင် ခေါ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ သားလေး ၃ နှစ် အရွယ်ခန့်တွင် ကျွန်တော်တို့ ရပ်ကွက် အတွင်း မီးအကြီး အကျယ် လောင်ရာ အိမ်တော်တော်များများ သာမက ကျွန်တော်တို့ အိမ်နောက်ဖေး တန်းများပါ မီးထဲ ပါသွားခဲ့သည်။ ကြောက်မက်ဖွယ် မီးတောက်များနှင့် ထိတ်လန့်ဖွယ် အသံများကြောင့် နလုံးရောဂါ အခံရှိသော "အေး" သည် သွေးလန့်သွားပြီး ရှော့ခ် ဖြစ်ကာ ကျွန်တော်တို့ သားအဖနှစ်ဦး၏ ဘဝထဲမှ ထွက်ခွာ သွားပါတော့သည်။ ထိုနေ့တွင် ကံကောင်းထောက်မပြီး အိမ်ကလေး မီးထဲ ပါမသွားသော်လည်း ကျွန်တော့် နလုံးသားနှင့် မိသားစု ဘဝလေးသည် မီး မလောင်ပါဘဲနှင့် ထိုစဉ် အချိန် ကတည်းက ပြာကျ သွားပါတော့သည်။ သားလေး "လုလု" သည် ကြိုးကလေး နှစ်ချောင်းကြောင့် ကျွန်တော့်ကို ထပ်မံ ခွဲခွာသွားသောအခါ ကျွန်တော့ ရင်မှာ ပြာပုံမက ဟင်းလင်းပြင်ကြီးပမာ ကျွန်တော့် ရင်တစ်ခုလုံး ဘာမျှ မရှိတော့ပါ။ အတိတ်ကို ပြန်ပြီး မတွေးချင်ပါ။ သို့သော် ထို အတိတ်ထဲမှာပင် ကျွန်တော် ချစ်သော မိန်းမနှင့် သားလေး ရှိခဲ့သည်ကိုး။ ဒါကြောင့် ကျွန်တော် မောင်းထုတ် မပစ်နိုင်ခဲ့တာ ယနေ့ ထက်တိုင် ပင်။

"ဖေဖေ ရေ မြန်မြန် လုပ်ပါဗျာ" "အေးပါ သားရဲ့ ..... ထမင်းစားပြီး လာခဲ့မှာပါ" ထမင်း စားခန်းတွင် ထမင်းစားနေသော ကျွန်တော် ဧည့်ခန်းအတွင်းမှ လှမ်းအော်လိုက်သော သား၏ အသံကြောင့် ထမင်းစား လို့က စိတ်မဖြောင့်နိုင်တော့။ ပြီးမှ လာမယ် ဟုသာ ပြောလိုက်သော်လည်း လက်ကို ကမန်းကတန်း ဆေးပြီး ရေတခွက် အမြန် မော့ကာ ပုဆိုးတွင် လက်ပွတ်ပြီး သားထံ ခပ်သွက်သွက် လျှောက်လာကာ သူ့ရှေ့က တည့်တည့်တွင် ဝင်ထိုင်ပြီးမှ "ကဲပြော ဖေဖေ ဘာလုပ်ပေးရမှာလဲ" ကျွန်တော့် ဟန်နှင့် ကျွန်တော့် အသံကို သဘောကျသွားသော သားလေးသည် တဟားဟား ရယ်လျှက်မှ "ကဲ ဖေဖေက ဒီ ကြိုး နှစ်စ ကိုင်ပြီး ဟိုဘက်က ရပ်၊ သားက ဒီဘက် က ဆွဲထားမယ်။ နောက်ဆုတ်၊ နောက်ဆုတ်" ဟုပြောပြီး ကျွန်တော် ထမင်းစား နေချိန် အတွင်း သားသည် ကြိုးကို ဘယ်နေရာ ကနေ ရှာထားလည်း မသိသော ကြိုး ကလေး များကို ဆွဲလျက် အလုပ်ရှုပ် နေသည်ကိုတော့ ထမင်းစားလျက်ပင် ကျွန်တော် လှမ်းမြင် ရ၏။ သို့သော် သူ ဘာရည်ရွယ်ချက်ဖြင့် လုပ်နေသည်ကို ကျွန်တော် သတိ မထားမိ။ သူ့



အပြု အမူနှင့် စိတ်ကူးကို နားမလည်သော်လည်း သားပေးသည့် ကြိုးစ ကလေး နှစ်ဖက် ကို ကိုင်ကာ ရပ်နေရ၏။ သားသည် လက်မှ ကြိုးစ ကလေးများကို ကိုင်လျက်မှ သူ့ခြေထောက်အောက်နားမှ ကြိုးကလေးများကို မေးငေါ့ ပြကာ အလိုမကျ ဟန်နှင့် ငိုမဲ့မဲ့ပြုကာ- (အောက်က ကြိုးလေးတွေ ဘယ်သူဆွဲ ပေးမှာလဲ) သား အမေး ကြောင့် ကျွန်တော် လန့်သွား၏။

ဒီအိမ်မှာ လူသားဆိုလို့ သူနဲ့ ကျွန်တော် နှစ်ဦး သာရှိ၏။ ထိုကြိုးလေးများကို ဘယ်သူက လာဆွဲပေးရအုံးမည်နည်း။ ပြီးတော့ သူ ဘာတွေ လုပ်နေမှန်းလည်း မသိ။ စိတ်ကောက် ပြေစေရန် သူ့ကို မေးလိုက်မိ၏။ "မသိ ဘူးလေ သားသားက ဘာလုပ်မှာလဲ ခု ဒီအတိုင်းလည်း မရဘူးလား" လို့ ကျွန်တော် က မေးလိုက်တော့ သားလည်း



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၃ ဇန်နဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

စိတ် ကောက်ပြီး သူ့လက်ထဲမှ ကြိုးစ လေးများကို လွှတ် ချပြီး " ဆရာမ လုပ်ပြတာ ဒီလိုမှ မဟုတ်တာ" ဘဲဟု ဆိုကာ ဆက်ပြီး စိတ်ကောက် နေပါသည်။ သူငယ်တန်းသာ ရှိသေးသော သားကိုကြည့်ကာ ကျွန်တော် ရယ်ချင် လာပြန်သည်။ သူဘာတွေ လုပ်မည်ကို သိချင်သောကြောင့် ကြိုးပြီး မမေးမိ။ သား ပြောသည့် ဆရာမ ဆိုတာပင် ကျောင်းဆရာမ လား။ ဘုရားကျောင်းက ဆန်းဒေးစကူး ဆရာမ ကို ပြောတာလားပင် ကွဲပြားစွာ မသိသောကြောင့် ကျွန်တော် ကပင် "သား ဘာလုပ်ချင်တယ်ဆိုတာ ဖေဖေ့ကို ပြောပြလေ။ ဒါမှ သား လိုချင်တဲ့အတိုင်း လုပ်ပေးလို့ ရမှာနော်။ ကဲသား ဘာ လိုချင်တာလဲ ပြော" ဟုဆိုမှ သား၏ မျက်နှာလေးမှာ ပြန်ပြုံး လာပြီး "ဘုရားကျောင်းမှာ ဆရာမလေးက ပြောတယ် ဖေဖေ။ ဒီလို ကြိုးလေးတွေနဲ့ လက်ဝါးကားတိုင် ပုံလေး ဖြစ်အောင် သားတို့က လုပ်ပြီး သီချင်းလေးနဲ့ ကရမှာတဲ့။ အဲ့ဒါ အိမ်မှာ လုပ်ကြည့်ဖို့ မှာလိုက်လို့ အဲ့ဒါ ဖေဖေ လုပ်ပေးနော်" ဟု သားသည် အားကိုးသည့် မျက်နှာလေးဖြင့် ပြောလာပါသည်။



သား လိုချင်သည်ကို သိလိုက်ရပြီးနောက် ကျွန်တော်သည် တစ်ချက် ပြုံးပြီး ခေါင်းရင်း ခြံမှ ကိုရဲအောင်တို့ လင်မယားကို အကျိုးအကြောင်း ပြောပြီး ခေါ်ခဲ့သည်။ ကိုရဲအောင်နှင့် မထား သည် ကလေး မရရှိသေးသော လင်မယားစုံတွဲ ဖြစ်ပါသည်။ "အေး" မရှိသည့် နောက်ပိုင်း နှစ်များတွင် ကျွန်တော်၏ မိခင်ဖြစ်သူနှင့် ညီမ ဖြစ်သူတို့က ကျွန်တော်နှင့် သားလေးကို လာပြီး စောင့်ရှောက်ပေးတတ်ပြီး သူတို့နှင့် အတူ ပြန်နေရန် ခေါ်ခဲ့ သော်လည်း ကျွန်တော်သည် ချစ်ဇနီးသည် "အေး" ကို အမှတ်ရ စိတ်ဖြင့် ဒီအိမ်လေး မှာဘဲ ဆက်နေဖြစ်ခဲ့ပါသည်။ တစ်ဘက်ခြံမှ ကိုရဲအောင် ၏ ဇနီးဖြစ်သူ မထား တို့က လည်း ကလေး မရှိသည့်အတွက် ကျွန်တော် အလုပ် သွားနေသည့် အချိန်များတွင် သားကို လိုသည်ထက်ပင် ပိုပြီး ချစ်ခင်တွယ်တာ စောင့်ရှောက် ပေးထား ကြပါသည်။ အခုလည်း သားက ခေါ်သည်ဟု ဆိုသည်နှင့် ဝမ်းသာ အားရပင် လိုက်လာခဲ့ ကြပါသည်။ ထို့နောက် သားနှင့် အတူ ကျွန်တော်တို့ သုံးယောက် ကြိုးကလေးများဖြင့် ဆရာမ ပြော သည့်အတိုင်း လုပ်ကြည့်ပါသည်။ သားနှင့် ကျွန်တော်က ကြိုးစလေး နှစ်ချောင်းကို ဟိုဘက် သည်ဘက် ကိုင်လျက် တစ်တွဲ၊ ကိုရဲအောင် လင်မယား ကြိုးစလေး နှစ်ချောင်း ဟိုဘက် သည်ဘက် ကိုင်ဆွဲပြီး ကန့်လတ် ဖြတ် နေလိုက် သောအခါ သားလေး လိုချင်သော လက်ဝါး ကားတိုင် ပုံလေး ပေါ်ပေါက်လာပါသည်။ သားသည် သဘောကျ နှစ်ခြိုက်စွာ ရယ်လိုက်ပြီးမှ...... "ဟုတ်ပြီး ......ဟုတ်ပြီး ဖေဖေနဲ့ ဦးတို့ အန်တီလေးတို့ ငြိမ်ငြိမ် ကိုင်ထား ပေးပါနော် " ဟု ပြောပြီး သူ့ ဆရာမ သင်ပေးထားသည့် အတိုင်း သီချင်း လေးကို အသံနေ အသံထားဖြင့် ဆိုရပါသည်။

"ကားတိုင် လေး.... ကားတိုင်းလေး...... တို့ချစ်ရတဲ့ ကားတိုင်လေး"

" ကားတိုင်းလေး မှာ ယေရှုရှိတယ်......တို့အပြစ်အတွက် အသေခံ"

"တို့လည်း ယေရှုကို ချစ်ရင် ......... ကားတိုင်လေးကို ထမ်းရွက်ကြမယ်။"

ပါးစပ်မှ ဆိုလျက် ခြေထောက်လေးများ လွဲလျက် က နေသော သားလေး တစ်ယောက်ကို ကြည့်နေရင်းမှ သူ့အမေကို သတိရ မိကာ မျက်ဝန်းတွင် မျက်ရည်စ တို့ ရစ်ဝိုင်းလျက် သားကို စိုက်လျက် ကြည့်နေမိမည်။ ဒါကို ကိုရဲအောင်၏ ဇနီး ဖြစ်သူက သတိပြုမိဟန်နှင့် - (ကိုနိုင်ဦး) မအေးကို သတိရ သွားတာလားတဲ့။ သားလေး ပျော်နေသည့်အချိန် သူ့အမေကို သတိရလျက် ဝမ်းနည်း အားငယ်စိတ် မရှိ စေလို ကြွေလုလု မျက်ရည်စကို လက်ခုံဖြင့် ပွတ်သုတ်ကာ......... " ရတယ်၊ မထား။ ဘာမှ မဟုတ်ဘူး။ "မထားနဲ့ ကိုရဲအောင် တို့လည်း ပြန်နားကြ တော့လေ။ ကျွန်တော်နှင့် သားလည်း အိပ်တော့မှာပါ" လို့ ပြောပြီး သားကို နှစ်သိမ့်လျက် မထား တို့ ဇနီးမောင်နှံကို ကျေးဇူးတင်စကား ဆိုလိုက်ရသည်။ ထိုသို့ပင် ခရစ်စမတ် ညများ၏ ဒီဇင်ဘာလ ၂၄ရက် ည မရောက်မီ အချိန်များအထိ ကျွန်တော်နှင့် မထားတို့ လင်မယား နှစ်ယောက် သားလေး လုလုကို အဖော်ပြုပြီး ညစဉ် ကြိုးကလေးများ ကိုင်ပေးခဲ့ရမှ သားလေး မျှော်လင့်တစ်ကြီး စောင့်စား နေသော ဒီဇင်ဘာလ၏ (၂၄ ရက်) ခရစ်စမတ် အကြိုည ကို ရောက်ရှိလာခဲ့ပါသည်။

သားသည် ကျွန်တော် ဝယ်ပေးသော ခရစ်စမတ်လက်ဆောင် ကုတ်အဖြူ ဘောင်းဘီ ရှည် အဖြူ နက်ကတိုင်း လည်စီး အနက်ကလေးနှင့် ရှူးဖိနပ် အနက် ကလေးကို ကျွန်တော်ကိုယ်တိုင် သေသပ်စွာ ဝတ်ပေးထားသည့်အတွက် ကျွန်တော့် မျက်ဝန်း များတွင် သားသည် အလွန် ချစ်စရာကောင်းလှပါသည်။ သားကဲ့သို့ပင် အပြစ် ကင်းစင်လှသော ကလေးများစွာတို့မှာ မိဘများ ရင်ခွင်ဆီ ပြေးဝင်လိုက်၊ ခန်းမ အပြင်သို့ ပြေးထွက် ဆော့လိုက်နှင့် ပျော်ပါးနေကြပုံကို ခရစ်စမတ်သို့ တစ်ခါ တစ်ခေါက်မျှ ရောက်ဖူးခြင်းမရှိခဲ့သော ကိုရဲအောင်တို့ ဇနီးမောင်နှံပင် ပြုံးရွှင်လျက်၊ မထား ကတော့ "သားလေး က ပြီးရင် လက်ခုပ်တီးပြီး အားပေးမည် " ဟုဆိုတော့ ကျွန်တော်နှင့် ကိုရဲအောင် တစ်ယောက်ကို တစ်ယောက် ပြိုင်တူကြည့်ပြီး ပြုံးလိုက်မိကြသည်။ ဟုတ်ပါသည်လေ။ သူတို့လည်း သားလေးရဲ့ ဒီ အက အတွက် ညပေါင်း များစွာ အိပ်ပျက်လျက် ကျွန်တော်တို့ထံမှာပင် ညည့်နက်သည်အထိ နေခဲ့ ရတာကိုး။ ဧည့်ပရိသတ် စုံပြီး ခန်းမ တစ်ခုလုံး ခုံအလွတ်မျှ မကျန် ပြည့်ပြီး ဖြစ်သည့် အတွက် ပထမဆုံး အစီအစဉ်အဖြစ် ကလေးငယ်များကို ဆုပေးခြင်း ဖြစ်ပါသည်။ မုန့်များလည်း ပေးကြပါသည်။

အစီစဉ် ကြေငြာသူ ဆရာမလေး ထံမှ- (KG တန်း အဘဦးနိုင်ဦး၏ သား မောင်လုလု ဆု လာယူပါ) ဆိုသည့် အသံမဆုံးခင်မှာပင် သားသည် ကျွန်တော့် ပေါင်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းကာ ဆုပေးနေသည့် ဆရာမလေးများထံ ပြေးဝင် သွားပါသည်။ ခဏအကြာတွင် လည်ပင်း၌ ကြိုးလေးပါသော ဝက်ဝံရုပ်လေးကို ယူလာပြီး ကျွန်တော့်ကို လာပေးထားပါသည်။ မထား ကပင် " ဟဲ့......လုလိုက်တာ... ချစ်စရာလေးနော်" ဟုပြောပြီး ကိုင်ကြည့်တော့ သားလေးက "အဲ့ဒါ သား လိမ္မာလို့ ဆုရတာလေး" တဲ့။ ခပ်ကြွားကြွား သူ့အပြောကြောင့် ကျွန်တော်တို့သုံးဦး ရယ်မိလိုက်ကြသည်။ ဆုများ ပေးပြီးနောက် တေးသရုပ်ဖော်များ၊ ချီးမွမ်းသီချင်းနှင့် ခရစ်စမတ်သီချင်းများ၊ ပြဇာတ်တိုလေးများကို အတန်းလိုက်ရှိ ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင် လုပ်ဆောင်နေကြသည်။ သားသည် သူပါဝင်ရမည့် အလှည့်တွင် ကျွန်တော့်ထံမှ ပြေးသွားလိုက်။ ပါပင် ပြီးလျှင် ကျွန်တော့် ပေါင်ပေါ် ပြန်ပြေးထိုင်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ် နေသည်။ ထိုစဉ် အချိန်မှာတွင် အစီအစဉ် ကြေငြာသူ ဆရာမလေး၏ အသံသည် ပေါ်လာပြန်သည်။ "KG အတန်းမှ ကလေးငယ်များ၏ တို့ချစ်တဲ့ လက်ဝါးကားတိုင် တေးသရုပ်ဖော် အလှည့် ဖြစ်ပါတယ်... အားပေးကြပါရှင်" ဟုကြေငြာပြီးသည်နှင့် " KG အတန်းမှ ကလေးတွေ လာလာ.....တက်တက်" ဆိုသည့် ဆရာမ လေးများ၏ အသံကို ကြားရ၏။ သားသည် ကျွန်တော့် ပေါင်ပေါ်မှ ခုန်ချပြီး ဇာတ်ခုံ ဆီသို့ ပြေးသွားပါသည်။ ဇာတ်ခုံပေါ်တွင် ကလေးများ၊ ကြိုးများဖြင့် ရှုပ်နေပါသည်။ အစမ်း လေ့ကျင့်တုန်းက လူလည်း ပါ၏။ မကျင့်သည့် ကလေးများလည်း ပါလာသည်။ ရောင်စုံ ဖဲကြိုး ကလေးများမှာ အလွန်လှပါသည်။ သို့သော် ရှုပ်ရှက်ခတ်နေသော ကလေးငယ်များ အတွဲ လုရင်းမှပင် အချို့ ဖဲကြိုးများ ပျက်သွားပြီး သုံးမရသည်ကို တွေ့ရ ပါသည်။ ထိုတွင် မကသေးပါ။ ကြိုး မရသေးသော ကလေးများက သူများ ကြိုးကို ဝင်ဆွဲနေသည့်အတွက် ဆရာမလေးများ တော်တော် အလုပ်ရှုပ်နေပုံရပါသည်။ ကြိုး မရှိတော့သောကြောင့် ငိုနေသော ကလေးငယ်များကို ပြန်ဆင်းခိုင်းသံကိုလည်း ကြားရပါသည်။

ခဏအကြာတွင် သားသည် ငိုလျက်မှ ကျွန်တော့်ထံ ရောက်လာပါ သည်။ ကျွန်တော် မှ လက်ကမ်းပြီး ချီရန် ဟန်ပြင်သော်လည်း သားက နောက်ဆုတ် လိုက်ပါသည်။ ငိုလျက်မှပင် - " သားသားကို ဟိုအပေါ် ပို့ပေးနော်" ဆိုပြီး ကလေးများ ရှိရာ ဇာတ်ခုံပေါ်သို့ လက်ညှိုး ထိုးပြပါသည်။ ကျွန်တော်က "မရ တော့ဘူး သားရဲ့။ သူ့အတွဲနှင့် သူ ပြည့်နေပြီ၊ ဟိုမှာ သီချင်းတောင် ဆိုနေပြီး" ဟုဆိုတော့ "ဟင့်အင်း ဟင့်အင်း ပို့ပေးပါ" ဟုဆိုကာ အော်လျက် ငိုပါတော့သည်။ ကိုရဲအောင်နှင့် မထား ကလည်း မျှော်လင့်သလို ဖြစ်မလာသည့်အတွက် စိတ်မကောင်းစွာဖြင့် သားကို ဝိုင်းကူ ချော့ပေး ရှာသည်။ ဒါပေမဲ့ အစွဲအလန်း ကြီးရှာလွန်းသော သားသည် သူ့ရခဲ့သည့် ဝက်ဝံ ရုပ်ကလေးနှင့် ချော့မော့သည်ကိုတောင် လက်မခံ။ လက်ဝါးကားတိုင် သီချင်းလေး ဆိုချင်သည်ဟုသာ အထပ်ထပ် ပူဆာလွန်းသဖြင့် ကျွန်တော်သည် သားကို ပွေ့ချီလျက် ကိုရဲအောင်တို့ ဇနီးမောင်နှံတို့နှင့်အတူ ပရိသတ်ကြားမှ တိုးထွက်ပြီး ပြန်ရန် ပြင်ဆင်လိုက်ပါသည်။

အပြင်သို့ ရောက်သောအခါ ဆိုင်မှ အရုပ် လှလှ လေးတွေ ဝယ်ပေးမယ်နော်ဟု ချော့ပြန်သော်လည်း- "သား ကြိုးလေးနဲ့ လက်ဝါး ကားတိုင် လုပ်ချင်တယ်"ဟု တဖွတ်ဖွတ် တောင်းဆိုရင်း ငိုနေပါတော့သည်။ အပြန် လမ်း တစ်လျှောက် ကျွန်တော် အလွန် စိတ်ထိခိုက်ရပါသည်။ ယခင်နှစ်မှာ တုန်းက တွက်တီး တွတ်တာဖြင့် ပျော်လျက် တစ်လမ်းလုံး ပျော်ရွှင်စွာ ပါလာ တတ်စမြဲ ဖြစ်သော သား ဖြစ်သည်။ သူသည် အင်မတန် လုပ်ချင် သော်လည်း မလုပ်ခဲ့ရသည့် အရာ တစ်ခုအတွက် စိတ်မကောင်းသောကြောင့် ကြီးစွာ ငိုနေရသည်မှာ ဘေးက မထားတို့ လင်မယား နှစ်ယောက် ဝိုင်းလျက် ချော့သည်တောင်မှ မရနိုင်ပါ။ အိမ်သို့ ပြန်ရောက် ပြီးနောက် ညည့်အတော် နက်သည့်တိုင် သားသည် ငိုလိုက် မောလျှင် အိပ်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၃ ဇန္နဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သွားလိုက်။ နီးလာလျှင် ငိုလိုက်နှင့် ဘုရားကျောင်းကို ပြန်ပို့ပေးဟုသာ ပြောနေသည်။ ကျွန်တော် သည် တစ်ရေးမှ မအိပ်စက်ရသေး။ မိုးလင်းပိုင်း နီးကာမှ သားနှင့် အတူ မေးခနဲ အိပ်ပျော်သွားသော်လည်း ကျွန်တော် နစ်နစ်မြိုက်မြိုက် မအိပ်ဖြစ်ခဲ့ပါ။ သနား စဖွယ် သားလေးကြောင့် ဖျက်ခနဲ လန့်နိုး သွားခဲ့ပါသည်။ ပြန်အိပ်ချင်စိတ် မရှိတော့ပါ။ မျက်ရည်များ စိုနေသည့် ခေါင်းအုံးလေးပေါ်တွင် တစ်ခြမ်းစောင်း အိပ်နေသည့် သား၏ ဆံနွယ် လေးများကို ညင်သာစွာ ပွတ်သပ်ပေးမိသောအခါ ကျွန်တော့် ရင်မှာ ဒိန်းကနဲ ဖြစ်သွားပြီး "သား" ဟု ခပ်ကျယ်ကျယ် ခေါ်ပြီး လှုပ်နိုးမိလိုက်၏။


ဒီ အထိအတွေ့ သည် ကျွန်တော့် ရင်မှာ ပူလောင်သွားရပါသည်။ "အေး" ၏ နဖူးလေးကို စမ်းမိစဉ် တုန်းကလဲ ဒီ အထိ အတွေ့၊ ကျွန်တော် ယခုတိုင် မမေ့နိုင်သေး၊ "အေး" လည်း ကျွန်တော့်ကို ခုလို ခွဲခွါခဲ့ဖူးတယ်လေ။ "သားလေး ...... လုလု.......သား" ကျွန်တော် အသံ တော်တော်ပင် ကျယ်သွားပါသည်။ သားကို ပွေ့ချီပြီး အကြိမ်ကြိမ် လှုပ်နိုး ပြီးသော အခါ စိုးရိမ်စိတ်များစွာဖြင့် သတိမဲ့စွာပင် ကျွန်တော် အော်လိုက်မိပါသည်။ "သား လုလု.... သားလေး" "လာကြပါအုန်းဗျို့...... ကိုရဲအောင်နှင့် မထား ကျွန်တော့် သားလေး ခေါ်လို့မရတော့ဘူး။ လာကြပါအုံးဗျာ" ကျွန်တော့် ခေါ်သံကြောင့် တစ်ဖက် ခြံမှ ကိုရဲအောင်တို့ လင်မယား နှစ်ဦး ရောက်လာပြီး ကလေးကို လှုပ်နိုးကြပါသည်။ ကိုရဲအောင်က မထားကို ခေါင်းခါ ပြသည်ကို ကျွန်တော် တွေ့လိုက်ရစဉ် မဖြစ်နိုင်ဘူး၊ မဖြစ်ရဘူး ဟုသာ ခေါင်းကို ခါနေပါသည်။ သားသည် ညက အဝတ်အစား လေးတွေ ကို ဂုတ်ထားလျှက်ပင်။ သူ့ဘေးမှာက ဝက်ဝံရုပ်ကလေး၊ ဘုရားသခင်... ကျွန်တော့် သားလေးကို ကယ်ပေး ပါနော် ဟု နှုတ်မှ တတွတ်တွတ် ရွတ်လျှက် မျက်ရည်များ ပါးပေါ်သို့ စီးဆင်း လာပါသည်။



ကိုရဲအောင် လိုက်ခေါ် သောကြောင့် မိတ်ဆွေအချို့နှင့် လမ်းထိပ်မှ ဆရာဝန်ကြီး ဦးလှသိန်းတို့ ရောက်လာကြပါသည်။ "ဒေါက်တာရယ် ကျွန်တော့်သားလေးကို ကြည့်ပေးပါအုံး"ဟုပြောပါသည်။ ကျွန်တော့်အဖြစ်ကိုကြည့်လျှက် ဘေးမှ မထားသည် ဂရုဏာသက်စွာ "အင့်" ခနဲ ရှိုက်ငိုသည်။ ဆရာဝန်ကြီးက နားကျပ်ဖြင့် စမ်းသပ်ကြည့်ပြီးနောက်... " စိတ် မကောင်းပါဘူး ကိုခိုင်ဦးရယ်။ ကလေး က ဆုံးပြီ။ ဒါပေမဲ့ သိပ်တော့ မကြာသေးဘူးဗျ။ ...... ဒါနဲ့ စိုးရိမ်ရတဲ့ အခြေအနေနဲ့ ဆေးခန်း လာပြ တာလည်း မရှိပါဘူး" ဟုပြောပြီး စဉ်းစားနေ၏။ ကိုရဲအောင် ကပင် ညက အဖြစ်ကို ရှင်းပြ သောအခါ "ဟုတ်ပြီ" ကလေးက နှလုံးရောဂါ အခံ ရှိတယ်၊ ဖြစ်နိုင်တယ် သူ့အမေ တုန်းကလည်း ထိတ်လန့်ပြီး သေဆုံးသွားတာ၊ နှလုံးရောဂါ အခံ ရှိတဲ့ ခင်ဗျား ကလေးက သိပ်ခံစားရတော့ ရှော့ခ်ဖြစ်ပြီး နှလုံးခုန် ရပ်သွားတာဘဲ" ဟုရှင်းပြပြီးမှ တရားဖြင့် ဖြေပါ ကိုခိုင်ဦးရယ်တဲ့။ ကျွန်တော်၏ တွယ်တာရာ ကြိုးကလေး တစ်ချောင်း သည် ထပ်မံ ပြတ်တောက်သွားသောအခါ ငိုနိုင်ဖို့ရန် စွမ်းအား မရှိတော့သလို ဖြေသိမ့် စရာလည်း မရှိတော့ပါ။ ဝိညာဉ်မဲ့သော သား၏ ကိုယ်လေးကို ကျစ်ကျစ် ပါအောင် ပွေ့ဖက်ပြီး ပါးချင်း ပူးကပ်ထားမိသည်။ ကျွန်တော် တကယ် မငိုတော့ပါဘူး၊ ဒါပေမဲ့ ကျွန်တော့် ၏ မျက်ရည်စ တွေကတော့ ပါးပေါ်မှတဆင့် သားလေး၏ ဆံနွယ် စများတွင် ရွဲနစ် လျှက်ပါ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အဖေ ပြောပြသည့် ဒါဝိဒ် မင်းကြီး အကြောင်းကို ကြား ယောင်လိုက်မိသည်။ သားကို သိပ်ချစ်သော ဒါဝိဒ် မင်းကြီးသည် သား နေမကောင်းစဉ် နေ့ည ဆုတောင်း ခဲ့သော်လည်း ဘုရားရှင် ရုပ်သိမ်း သွားသောအခါ ကိုယ်ကို သန့်စင်ပြီး ကိုယ်တော့်ကို ဝတ်ပြုဖို့ ထွက်ခဲ့သည်တဲ့။ ဒါက အဖေ ပြောပြခဲ့တာလေ၊ ကျွန်တော် လည်း မငိုတော့ပါဘူး အဖေ။ ဒါပေမဲ့ ရင်ထဲ မှာတော့ ဟင်းလင်းပြင် ပမာပါ။ ညှင်းသွဲ့သွဲ့ လေအသွေ့တွင် နှင်းမှုန်စက်တို့က ဆောင်း လေအေးအေးနှင့်အတူ ခိုင်ဦး ထံသို့ တိုးဝှေ့ ရောက်ရှိပြန်ခဲ့ပါသည်။ အေးနှင့် သားလေး လုလုကို မွတ်သိပ်စွာ ပြန်လည် တမ်းတရင်းမှ ဘုရားသခင်၏ လက်ဆောင် အဖြစ် ကျွန်တော့်ထံ ထပ်မံ ရောက်ရှိ လာသော ဒီဇင်ဘာ ၂၄ ည အတွက် ဘုရား ကျောင်းကို သွားဖို့ အဝတ် အစားလဲ တော့ အဲ့ဒီနေ့ ညက သားလေးလုလု ဝတ်ခဲ့တဲ့ အဖြူရောင် ကုတ်နှင့် ဘောင်ဘီအဖြူ အရှည်လေးရယ်ကို သေတ္တာ ထဲမှာ တွေ့လိုက် ရတော့ အသာအယာ ထုတ်ယူပြီး ခပ်ဖွဖွ နမ်းရှိုက် လိုက်မိပါသည်။ ကျွန်တော် မငိုပါဘူး။ ဒါပေမဲ့ အဲ့ဒီ မျက်ရည်တွေက သားလေး အဝတ် တွေပေါ်မှာ စွန်းထင်းမှာ စိုးလို့ ပြန်သိမ်းလိုက်ပါသည်။ ဘာဘဲဖြစ်ဖြစ် ဘုရား ကျောင်းကို သွားဖို့ အတွက် ကျွန်တော် ဆုံးဖြတ်ထားပါတယ်။ အိမ်ကနေ တော်တော် လျှောက်လို့ ဘုရားကျောင်း နား ရောက်ခါနီးမှာ ခပ်လှမ်းလှမ်း နောက်တစ်နေရာမှ မီးရောင်စုံ တစ်ဝဲဝဲနှင့် ထီရောင်းတဲ့ လှည်းကလေးသည် စတီရီယို အဆိုတော် စိုင်းထီးဆိုင်၏ သီချင်းလေး ဖွင့်လို့ "အဖေရောက်တဲ့အခါ ပြန်နိုးပါနော်။ ခုများတော့ ကျွန်တော် အသက်ရှူ နည်းနည်း ကြပ်လာလို့" တဲ့ သီချင်း စာသားများကို ကျွန်တော် ဆက်ပြီး နားထောင် နိုင်စွမ်း မရှိ၊ ကတုန်ကယင် ဖြစ်နေတဲ့ ကျွန်တော့် ခြေလမ်းတွေကို ခပ်သွက်သွက် လမ်းလျှောက်လိုက်တာ ကမ်းနား လမ်းလေးအပေါ် ရောက်ခဲ့တဲ့ အထိပါ။ ဆောင်း လေအေးအေး၏ ညအမှောင်ထုထဲမှာ ရောဝတီ မြစ်ကြီးကို ဖြတ်ပြီး ဆောက်ထားတဲ့ "နဝဒေး တံတား" ဆီမှ မီးရောင်များနှင့် မြစ်ကမ်း တစ်ဖက်စီမှ စီရရီ အိမ်တန်း လေးများနှင့် မီးရောင် မှိန်မှုမှုလေးတွေက ကျွန်တော့်ကို ပိုလို့ အထီးကျန်အောင် ခံစားစေသလို၊ ဒီ ရှုခင်း ဒီအလွမ်းတွေ ရင်မှာ နင့်စွာ မခံစားနိုင် တော့ သောကြောင့် အသင်းတော် ရှိရာ ဘုရား ကျောင်း အတွင်းသို့ ခြေလှမ်း အစုံကို ရွှေ့လိုက်မိသည်။ ဗိမာန် တော်ရှိ ပန်းခြံ လေး၏ အုတ်ခုံပေါ်မှာ ထိုင်လျက် နှစ်ခြင်းကန် အရှေ့တွင် စိုက်ထူ ထားသော မီးရောင်အောက်မှ လက်ဝါး ကားတိုင် လေးထံ မျက်ဝန်း အကြည့်များ ရောက်သွားပြန်၏။ လက်ဝါး ကားတိုင် လေးကို သိပ်ချစ်တဲ့ သားလေးရဲ့ အငွေ့ အသက် တွေ အဲ့ဒီနားမှာ ရှိနိုင်မလားလို့ ဆိုတဲ့ ရူးသွပ်တဲ့ အတွေး များကြောင့် အနားသို့ လှမ်းလျှက် တိုးကပ်သွားမိချိန်တွင် ကျွန်တော် တွေ့ လိုက်ရတာက ကျမ်းချက်လေးတစ်ခု ရေးထိုးထားသည်ကို သာ။ (ငါဖြစ်လျှင် ငါတို့ သခင် ယေရှုခရစ်၏ လက်ဝါး ကားတိုင် တော်မှ တစ်ပါး အဘယ်အရာ၌မျှ ဝါကြွားခြင်း မရှိပါ စေနှင့်(ဂလာတိ ၆း၁၄)တဲ့။

ကျွန်တော်၏ ယိုင်နဲ့နဲ့ အသက် တာလေး အတွက် ခွန်အား ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ် ဘဝတွင် ဘာမျှမရှိတော့ ရင်ထဲမှာ ဗလာ နတ္တိ သက်သက်ပင်၊ မြတ်နိုးစွာ ချစ်ခဲ့ ရသော ဇနီးနှင့် သားလေး ခွဲခွာ သွားပြီးကတည်းက ဝါကြွားဖို့ရန် ဘာမျှ မရှိတော့ပါ။ ဒါကိုလည်း ဘုရားသခင် သိမှာပါလေ။ ရှေ့ဆက် ဖြတ်သန်းရမည့် ဘဝ လက်ကျန် နေ့အတွက် ကျွန်တော် တစ်ယောက်ထဲပါ။ ဒါပေမဲ့ ကျွန်တော်၏ ဘေးနားမှာ ခရစ်တော် အမြဲရှိနေ၊ ဖေးမ နေဦးမှာပေ့ါ။ ဒါမှလည်း ခရစ်စမတ်ညတွေ ဖြတ်သန်းဖို့ ကျွန်တော် ခွန်အား ရှိမှာလေ။ ။ နွယ်ဝေမွန်(ပြည်)

## အဆိပ်ပင်အသင်းတော်များ (ကာတွန်း - မင်းအောင်သက်လွင်)






သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၃ ဇန်နဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။